ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

# “အချိန်ဟာရန်သူဖြစ်တယ်”
# မြန်မာစစ်အာဏာသိမ်းမှုအပေါ် နိုင်ငံတကာတုန့်ပြန်မှု၏ကျရှုံးမှု

(မြန်မာနိုင်ငံအကျပ်အတည်းအပေါ် ကမ္ဘာတစ်ဝှမ်းတုန့်ပြန်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာလွှတ်တော်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအစီအစဉ် (IPI) ၏ အဆုံးသတ်အစီရင်ခံစာ)

## အစီရင်ခံစာအနှစ်ချုပ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့တွင် မြန်မာစစ်တပ်က အာဏာသိမ်းပြီးနောက် တိုင်းပြည်အတွင်း အခြေအနေ တစ်ဖြေးဖြေး ယိုယွင်းပျက်စီးလာခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာစစ်အုပ်စုသည် မြန်မာပြည်သူအပေါ် ရက်စက်ကြမ်းကြုတ်သော ရေရှည်တိုက်စားမှုစစ်ပွဲ ဆင်နွှဲလာခဲ့ပြီး မရေမတွက်နိုင်လောက်သော ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်လာခဲ့ကာ တိုင်းပြည်၏စီးပွားရေးကိုလည်း ဖျက်ဆီးခဲ့သည်။ မြန်မာစစ်တပ်သည် ပြည်သူအနည်းဆုံး (၂,၃၇၁) ဦးကိုသတ်ဖြတ်ခဲ့ပြီး သိန်းပေါင်းများစွာကို အိုးအိမ်စွန့်ခွာထွက်ပြေးစေခဲ့ရာ နိုင်ငံတစ်ဝှမ်းအိုးအိမ်စွန့်ခွာထွက်ပြေးသူပေါင်း (၁.၃) သန်းကျော် ရှိနေပြီ ဖြစ်သည်။ စစ်အုပ်စုသည် နိုင်ငံရေးကျဉ်းသား (၁,၅၀၀) ကျော်ကိုလည်း ဖမ်းဆီးထောင်ချထားပြီး ဖမ်းဆီးထား သူများအပေါ် ညှင်းပန်းနှိပ်စက်မှုများ မကြာခဏကျူးလွန်နေသည့် တစ်ချိန်တည်းတွင် မီဒီယာနှင့် အရပ်ဘက် လူမှုအသိုင်းအဝိုင်းအပေါ် ပြင်းထန်သည့်ဖိနှိပ်မှုများ ကျူးလွန်နေရုံသာမက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်အပေါ် ကျယ်ကျယ်ပြန့်ပြန့် ဖြိုခွင်းမှုများ ပြုလုပ်လာခဲ့သည်။

သို့သော် မြန်မာပြည်သူများသည် ခုခံတွန်းလှန်မှု ပြုလုပ်လာခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပြီးခါစ ကြီးမားသော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲကြီးများနှင့် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှုများ (CDM) နှင့်အတူ အထွေထွေ သပိတ်ကြီးအတွင်း အစိုးရအုပ်ချုပ်ရေးယန္တရားမှ ဝန်ထမ်းများအပါအဝင် သိန်းနှင့်ချီသောပြည်သူများ ပူးပေါင်း ပါဝင်ခဲ့ရာ ဤလှုပ်ရှားမှုများသည် ပြည်သူလူထုက စစ်အုပ်ချုပ်မှုအောက် ပြန်မရောက်လိုကြောင်း အထင်အရှား ဖော်ပြခဲ့သည့်အရာများဖြစ်သည်။ စစ်အာဏာသိမ်းမှုသည် တိုင်းရင်းသားလူမျိုးစုများအကြားအပါအဝင် ပြည်သူများကြား ယခင်ကမရှိခဲ့ဖူးသည့် စည်းလုံးမှုဖြစ်ပေါ်အောင်လည်း တွန်းပို့ခဲ့သည်။

၂၀၂၁ ခုနှစ်၊ ဧပရယ်လတွင် မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုဖွဲ့စည်းခဲ့ပြီး အာဏာသိမ်းမှု နှင့်အတူဖြုတ်ချခံခဲ့ရသော လွှတ်တော်အမတ်များ၊ လူနည်းစုလူမျိုးစုကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှု အသိုင်းအဝိုင်းမှ အစုအဖွဲ့များ အတူတကွစုစည်းလာခဲ့ကြသည်။ NUG က ၎င်းတို့သည် မြန်မာနိုင်ငံပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သည်ဟု အမှန်တရားအတိုင်းဆိုထားသည်။ ၎င်းတို့သည် အများပြည်သူထံမှ အထူးသဖြင့် ပြည်မဒေသများရှိပြည်သူများထံမှ တရားဝင်မှုနှင့်ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိထားပြီး မြန်မာ့သမိုင်းတစ်လျှောက် အများပါဝင်မှုအားအကောင်းဆုံး ကိုယ်စားပြုအစိုးရတစ်ရပ်အဖြစ် ရပ်တည်နေ သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲပြီး

စစ်မှန်သောဖက်ဒရယ်ဒီမိုကရေစီ ထူထောင်သွားမည် ဖြစ်ကြောင်းလည်း NUG ကထုတ်ဖော်ပြောကြားထားပြီး ဤအချက်သည် တိုင်းပြည်အတွင်းရှိ လူနည်းစု လူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မျှော်မှန်းချက် အကောင်အထည်ပေါ်လာရန် အရေးကြီးသော ခြေလှမ်းတစ်ခု ဖြစ်သည်။

ပြင်းထန်သော အကြမ်းဖက်မှုများအသုံးပြု၍ ခုခံတွန်းလှန်မှုများကို အရေးနိမ့်အောင်ဆောင်ရွက်နေသော စစ်အုပ်စု၏ ကြိုးပမ်းချက်များသည် အကြီးအကျယ်ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ခဲ့ရကာ ရှိပြီးသားတင်းမာမှုများကို ပိုမိုကြီးထွားလာစေခဲ့သည့်အပြင် တစ်ချို့သော စစ်အုပ်စုဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများအား မိမိကိုယ်ကို ကာကွယ်ရန် လက်နက်ကိုင်လမ်းစဉ်အား ရွေးချယ်စေခဲ့သည်။ NUG ၏အမိန့်ကွပ်ကဲမှုအောက်တွင် တစ်ချို့ရှိနေ သည့် စစ်တပ်ဆန့်ကျင်ရေး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) သည် ယခင်ကစစ်မက်ဖြစ်ပွားမှုမရှိသော နေရာများအပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ပေါ်ပေါက်လာခဲ့သည်။ အာဏာသိမ်းမှုသည် စစ်တပ်နှင့် နယ်စပ်အနီးဒေသတစ်လျှောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ဆယ်စုနှစ်များစွာ တိုက်ပွဲဝင်လာခဲ့သော လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်း (EAO) များကြား တစ်ကြော့ပြန်အကြမ်းဖက်မှုများလည်း ဖြစ်ပေါ်စေခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ကဲ့သို့ အချို့သော EAO များ၏ လက်နက်ကိုင်တပ်ဖွဲ့များသည် NUG နှင့် မဟာမိတ်ဖွဲ့ခဲ့ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းသည် အလွန်ရှုပ်ထွေးကာ ကွဲပြားမှုများပြားသောကြောင့် လက်ရှိအချိန်တွင် EAO များအားလုံး စစ်တပ်ဆန့်ကျင်ရေး ရုန်းကန်မှုတွင် တရားဝင်ပါဝင်လာြခင်း မရှိသေးပေ။

ကြီးထွားလာနေသော အကြမ်းဖက်မှုများကြောင့် နိုင်ငံ့စီးပွားရေး လုံးဝပြိုလဲမည့်ဆဲဆဲဖြစ်နေပြီး သမိုင်းတစ်လျှောက် မကြုံဖူးသော လူသားချင်းစာနာမှုအကျပ်အတည်းကို ဖြစ်ပေါ်စေခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုးသည် ၂၀၁၉ ခုနှစ်မှ၍ (၁၃) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လက်ရှိအချိန်တွင် တိုင်းပြည် လူဦးရေ၏ (၄၀) ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုအတွင်း နေထိုင်နေရသည်။ အကူအညီလိုအပ်ချက်များ ကြီးမားလာသော်လည်း စစ်တပ်သည် လူသားချင်းစာနာမှုအကူအညီ မရရှိနိုင်အောင် အလွန်တင်းကျပ်သော ကန့်သတ်မှုများပြုလုပ်လာခဲ့သောကြောင့် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့များသည် အကာအကွယ် မဲ့သောပြည်သူများနှင့် ဝေးလန်သောဒေသရှိ ပြည်သူများထံ လက်လှမ်းမှီရန် ရုန်းကန်နေရသည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် အကျပ်အတည်းအပေါ် ထိရောက်သောတုန့်ပြန်မှုများ အများအားဖြင့် လုပ်နိုင်စွမ်းမရှိကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ အဓိကအားဖြင့် တရုတ်နှင့်ရုရှားကဲ့သို့ စစ်အုပ်စု၏ နိုင်ငံတကာ မဟာမိတ်များသည် ဝေဖန်ဆန်းစစ်မှုမရှိသည့် စစ်အုပ်စုအခိုင်အမာထောက်ခံသူများအဖြစ် ထွက်ပေါ်လာခဲ့သည်။ ၎င်းတို့သည် အထီးကျန်နေသောစစ်အုပ်စုကို လက်နက်ပစ္စည်းနှင့်တရားဝင်မှု နှစ်မျိုးလုံးပံ့ပိုးပေးနေသည်။ သို့သော် ဒီမိုကရေစီအရေး ထောက်ခံအားပေးမည်ဟု ကတိပြုထားသော နိုင်ငံတကာအစိုးရများမှာမူ ၎င်းတို့၏ ပြောဆိုမှုများနှင့်ညီသည့် လက်တွေ့ဆောင်ရွက်ချက်များမရှိပေ။ နိုင်ငံအချို့က စစ်အုပ်စုခေါင်းဆောင်များနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများအပေါ် ပစ်မှတ်ထားဒဏ်ခတ်အရေးယူမှုများ ပြုလုပ်ကြသော်လည်း ဤဆောင်ရွက်ချက် များသည် ညှိနှိုင်းမှုမရှိသည့် တစ်နိုင်ငံချင်းစီသီးသန့်လုပ်ဆောင်မှုဖြစ်နေကာ မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း (MOGE) ကဲ့သို့ စစ်အုပ်စု၏ အဓိကကျသောဝင်ငွေလမ်းကြောင်းများကို ထိထိရောက်ရောက် ပစ်မှတ်ထားအရေးယူနိုင်ခြင်း မရှိပေ။ အထူးသဖြင့်ကုလသမဂ္ဂသည် အဖွဲ့အစည်းအတွင်း သဘောထား ကွဲပြားမှုများကြောင့် လိုရင်းမရောက်ဖြစ်နေကာ အခြေအနေအပေါ်

လွှမ်းမိုးနိုင်စွမ်းမရှိကြောင်း ထင်ရှားနေသည်။ NUG သည် ကမ္ဘာတစ်ဝှမ်းထောက်ခံသူများ ရရှိထားကာ ကုလသမဂ္ဂတွင်လည်း မြန်မာကိုယ်စားလှယ်နေရာကို ဆက်လက်ကိုင်စွဲထားသော်လည်း အစိုးရအများစုသည် လွှတ်တော်အမတ်များနှင့် စည်းရုံးလှုံ့ဆော်သူ အများပြားက တောင်းဆိုနေသည့်ကြားမှပင် NUG ကိုတရားဝင်အသိအမှတ်ပြုရန် တွန့်ဆုတ်နေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်နေသော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည်လည်း အလားတူ အဖွဲ့အစည်းအတွင်း သဘောထားကွဲပြားမှုများကြောင့် ထိရောက်စွာတုန့်ပြန်နိုင်ခြင်း မရှိပေ။ မြန်မာ့အရေး အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ချက်ဖြင့် အာဆီယံက ၂၀၂၁ ခုနှစ် ဧပရယ်လတွင် လက်မှတ်ရေးထိုးခဲ့သော "ငါးချက်ပါဘုံသဘောတူညီမှု" သည် မည်သည့်အာဆီယံအဖွဲ့ဝင်နိုင်ငံကမှ အကောင် အထည်ဖော်လိုစိတ်မရှိခြင်းကြောင့်လည်းကောင်း၊ အစကတည်းကပင် အကောင်အထည်ဖော်ရန် ဆန္ဒလုံးဝရှိပုံ မရသည့် မြန်မာစစ်ခေါင်းဆောင်များကြောင့်လည်းကောင်း ဆိုးဆိုးရွားရွား ကျရှုံးခဲ့ရသည်။ မလေးရှားနိုင်ငံကဲ့သို့ နိုင်ငံတစ်ချို့က မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ NUG နှင့်အခြားဒီမိုကရေစီအင်အားစုများနှင့် တိုက်ရိုက် ဆက်ဆံမှုပြုလုပ်ခြင်းအပါအဝင် နည်းလမ်းအသစ်ဖြင့်ချဉ်းကပ်ရန် တိုက်တွန်းကြသော်လည်း ထိုင်းနိုင်ငံ သို့မဟုတ် ကမ္ဘောဒီယားနိုင်ငံကဲ့သို့ အခြားနိုင်ငံများမှာ စစ်အုပ်စုအားပေးသူများအဖြစ် ဆက်ရှိနေခဲ့သည်။

မြန်မာနိုင်ငံ ပြည်တွင်းစစ်အတွင်း ကျွံဝင်လာသည့်အလျောက် ပဋိပက္ခကို ညှိနှိုင်းဆွေးနွေးမှုဖြင့် အဖြေရှာရန် ဖြစ်နိုင်ခြေများ လုံးဝဆိတ်သုန်းသွားပြီဖြစ်သည်။ အာဆီယံ၏ ငါးချက်ပါဘုံသဘောတူညီမှုထဲတွင် ဖော်ပြထား သော ညှိနှိုင်းဆွေးနွေးမှုသည် ဖြစ်နိုင်ခြေမရှိပါ။ စစ်အုပ်စုသည်သာ တာဝန်ရှိသူဖြစ်သော်လည်း ၎င်းတို့အား ဆန့်ကျင်သူများနှင့် ထိတွေ့ဆက်ဆံလိုစိတ်မရှိကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ ထိုအစား မည်သည့်ဆန့်ကျင်မှု မျိုးကိုမဆို အမြစ်ပြတ်ခြေမှုန်းရန် ရက်စက်သောအင်အားသုံးဖြေရှင်းသည့် နည်းလမ်းတစ်ခုတည်းကိုသာ အားထားလာခဲ့သည်။ နိုင်ငံရေး အကျဉ်းသား (၄) ဦးကို ဇူလိုင်လ ၂၀၂၂ ခုနှစ်တွင် ကွပ်မျက်လိုက်ခြင်းသည် မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ပထမဆုံးကွပ်မျက်မှုဖြစ်ပြီး ဤလုပ်ရပ်က စစ်တပ်၏ ရက်စက် ကြမ်းကြုတ်မှုနှင့် ညှိနှိုင်းရေးပြုလုပ်ရန် လုံးဝစိတ်ဆန္ဒကင်းမဲ့နေမှုကို ဖော်ပြနေသည်။ အာဏာသိမ်းမှုသည် ယခင် အရပ်သားခေါင်းဆောင်မှုနှင့် အာဏာခွဲဝေသည့်အစီအစဉ်ကို ရုတ်တရက်အဆုံးသတ်သွားစေခဲ့သည်။ လက်ရှိတွင် မြန်မာပြည်သူအများစုက ယခင်အခြေအနေသို့ ပြန်မရောက်လိုကြောင်း ၎င်းတို့၏သဘောဆန္ဒကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြသထားပြီးဖြစ်သည်။

စစ်အာဏာသိမ်းပြီး (၁၉) လကြာသည့်တိုင် စစ်အုပ်သည် အာဏာထိန်းချုပ်နိုင်စွမ်းမရှိပေ။ မြန်မာနိုင်ငံ နယ်မြေအများအပြားတွင် စစ်အုပ်စုနှင့် NUG သို့မဟုတ် EAO တို့နှင့် ပတ်ဆိုင်သော အင်အားစုများကြား အားပြိုင်မှုများရှိနေပြီး စစ်အာဏာသိမ်းမှုအောင်မြင်ခဲ့ခြင်းမရှိဟု သတ်မှတ်နိုင်သည်။ ထိုင်းနိုင်ငံနယ်စပ်ဒေသ တစ်လျှောက် KNU နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကဲ့သို့ EAO အဖွဲ့အစည်းများသည် အတူလက်တွဲ၍ ပြည်သူများအတွက် အခြေခံဝန်ဆောင်မှုများ ပေးနေလျက်ရှိရာ ဖိနှိပ်သော စစ်အာဏာရှင်ကိုသာ ဖယ်ရှားလိုက်နိုင်ပါက မတူညီသောအဖွဲ့များကြား အပြန်အလှန်တိုက်ခိုက်ကြခြင်းထက် ပူးပေါင်းဆောင်ရွက် မှုများ ပြုလုပ်ကြနေကြသည့် ဖြစ်နိုင်ခြေ အနာဂတ်မြန်မာနိုင်ငံ အခြေအနေတစ်ခုကို မြင်တွေ့နိုင်သည်။

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

မြန်မာနိုင်ငံအနာဂတ် ရေရာမှုမရှိဖြစ်နေချိန် စစ်အုပ်စုအပေါ် ပြင်ပဖိအားပေးခြင်းနှင့် ခုခံတွန်းလှန်သူများကို ထောက်ပံ့ကူညီခြင်းသည် ပဋိပက္ခအခြေအနေအတွက်အဆုံးအဖြတ် ဖြစ်ကောင်းဖြစ်သွားစေနိုင်သည်။ မြန်မာစစ်တပ်ကို စစ်တန်းလျားသို့ပြန်ပို့ကာ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာပြည်သူများကို အကူအညီများပိုမိုပေးအပ်ရန် ဆောင်ရွက်နိုင်သလို ဆောင်ရွက်ရန် လည်းသင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ပထမဆုံးအနေဖြင့် ပိုမိုဆိုးရွားလာနေသော လူသားချင်းစာနာမှု အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် သိသိသာသာတိုးမြှင့်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဒဏ်ခတ်အရေးယူမှုနှင့် လက်နက်ရောင်းဝယ်မှုပိတ်ပင်ခြင်းဖြင့် တရားမဝင်စစ်အုပ်စုကို တိုးမြှင့်ဖိအားပေးခြင်း၊ NUG ကိုမြန်မာနိုင်ငံ၏ တရားဝင်အာဏာပိုင်တစ်ရပ်အနေဖြင့် အသိအမှတ်ပြုခြင်း စသည်လုပ်ငန်းများဖြင့် စတင်သင့်သည်။ NUG နှင့်တကွ မဟာမိတ် EAO များကို အုပ်ချုပ်ရေးနှင့်ဖယ်ဒရယ်ဆိုင်ရာ ကိစ္စရပ်များအတွက် ရန်ပုံငွေနှင့် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များ ပံ့ပိုးပေးသင့်သည်။ ဤလုပ်ဆောင်ချက်များကို အရေးတကြီးအကောင် အထည်ဖော်ရန်လိုအပ်သည်။ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူ ရွှေ့ပြောင်းအသံအဖွဲ့၏ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာက နိုင်ငံတကာလွှတ်တော်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအစီအစဉ် (IPI) နှင့်ပြုလုပ်သော နှုတ်ဖြင့်ကြားနာမှုတစ်ခုတွင် ပြောခဲ့သည့်အတိုင်း “အချိန်ကကျွန်မတို့ဘက်မှာမရှိဘူး” ဟုဆိုရမည်ဖြစ်သည်။

## အစီရင်ခံစာအကြံပြုချက်များ

မြန်မာနိုင်ငံဒီမိုကရေစီအရေး ထောက်ခံအားပေးပါသည်ဟု ထုတ်ဖော်ပြောကြားထားသော နိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ယခုထက်ပိုမိုအားစိုက်လုပ်ဆောင်သင့်သည်။ မြန်မာပြည်သူများကို ကူညီရန် အမှန်တကယ်ဆန္ဒရှိပါက ၎င်းတို့၏ အခက်ခဲဆုံးအချိန်တွင် လိုအပ်သောအကူအညီပေးရန်နှင့် ပိုမိုကောင်းမွန်သော အနာဂတ်အတွက် လမ်းဖောက်နိုင်အောင် ထိရောက်ပြီးတီထွင်ဖန်တီးမှုရှိသော မူဝါဒအသစ်များ ချမှတ် ဆောင်ရွက်ရမည်။ မင်းအောင်လှိုင်ခေါင်းဆောင်သော စစ်အုပ်စုသည် တိုင်းပြည်ကို ထိန်းချုပ်နိုင်စွမ်းမရှိသော်လည်း ဖယ်ဒရယ်ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသော ဒီမိုကရေစီ အင်အားစုများသည်လည်း အကူအညီမပါပဲ စစ်တပ်ကို မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှ ဖယ်ရှားနိုင်မည်မဟုတ်ပါ။ ဖက်ဒရယ်ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသော အင်အားစုများသည် နိုင်ငံတကာအသိုင်းအဝိုင်းရှိ ၎င်းတို့၏မဟာမိတ်များထံမှ ရနိုင်သည့် အကူအညီများအားလုံး ရရှိရန်လိုအပ်သည်။

မြန်မာနိုင်ငံ၏ဒီမိုကရေစီမိတ်ဆွေများ ဆောင်ရွက်နိုင်သောအရာများနှင့် ပတ်သက်၍ IPI အနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်။

### ၁။ လူသားချင်းစာနာမှုအကူအညီ

ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများနှင့် အာဆီယံ တို့အနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုအကူအညီပေးရေးအတွက် ရန်ပုံငွေနှင့်အရင်းအမြစ်များ သုံးစွဲမှုကို သိသိသာသာ ထပ်မံတိုးမြှင့်ပါ။

(ခ) မြန်မာနိုင်ငံအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အတက်နိုင်ဆုံး လက်တွဲဆောင်ရွက်ပါ။ စစ်အုပ်စု၏ ထိန်းချုပ်မှု အောက်တွင်မရှိသောနေရာများ အထူးသဖြင့် ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံ နယ်စပ်တစ်လျှောက်ရှိ ဒေသများ အတွက် အကူအညီများကို ဒေသခံအရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) နှင့် လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများ (EAO) မှတစ်ဆင့် ပေးအပ်ပါ။

(ဂ) ဒေသခံ CSO များနှင့် EAO များအနေဖြင့် ၎င်းတို့၏လုပ်ရှားမှုများကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် လုံခြုံရေး၊ ထောက်ပံ့ပိုးဆောင်ရေးနှင့် စီးပွားရေးအကူအညီများ ပေးအပ်ပါ။

(ဃ) မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ (အထူးသဖြင့် ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ) ကိုဖိအားပေးခြင်းနှင့် မက်လုံးပေးခြင်းဖြင့် နယ်စပ်ဖြတ်ကျော်လူသားချင်းစာနာမှုအကူအညီများပေးပို့မှုကို တိုးမြှင့်လုပ်ဆောင် နိုင်ရေး ထိုနိုင်ငံများကခွင့်ပြုလာအောင် အားပေးတိုက်တွန်းပါ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂုတ်တာရက် ကိုယ်တိုင်ထိုနိုင်ငံများသို့ သွားရောက်ကာ စည်းရုံးသိမ်းသွင်းမှုများ ကူညီလုပ်ဆောင်သင့်သည်။

(င) မြန်မာနိုင်ငံမှဒုက္ခသည်များကို လက်ခံကြိုဆိုပြီး ၎င်းတို့ကို လက်ခံနေထိုင်ခွင့်ပြုထားသော အိမ်နီးချင်းနိုင်ငံများကို ငွေကြေးနှင့်ထောက်ပံ့ပို့ဆောင်ရေး အကူအညီများ ပေးအပ်ပါ။ မြန်မာနိုင်ငံမှဒုက္ခသည်များ တတိယနိုင်ငံသို့ အခြေချနေထိုင်နိုင်ရေးအတွက် ထိရောက်စွာ စီစဉ်ဆောင်ရွက်ပေးပါ။

**၂။ မင်းအောင်လှိုင်နှင့်စစ်အုပ်စုအားဖိအားပေးခြင်း**

ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများနှင့် အာဆီယံအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) မည်သည့်စစ်အုပ်စုကိုယ်စားလှယ်ကိုမဆို ကုလသမဂ္ဂနှင့် အာဆီယံအစည်းအဝေးများအပါအဝင် မည်သည့် တရားဝင်အဆင့်မြင့်အစည်းအဝေးမဆို တက်ရောက်နိုင်ခြင်းမရှိအောင် တားဆီးခြင်းဖြင့် စစ်ကောင်စီကို သံတမန်အရ ဖယ်ကျဉ်ပါ။

(ခ) မြန်မာစစ်တပ်နှင့် မည်သည့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုမဆို အားလုံးဆိုင်းငံ့ထားပါ။

(ဂ) စစ်အုပ်စုအပေါ် ပစ်မှတ်ထားဒဏ်ခတ်အရေးယူမှုများ ပူးပေါင်းချမှတ်ပါ။

- မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) အပေါ်ဒဏ်ခတ်အရေးယူမှုမပြုလုပ်ရသေးသော အစိုးရများ အထူးသဖြင့်အမေရိကန်နိုင်ငံအစိုးရအား ထိုသို့ဒဏ်ခတ်အရေးယူမှုများ အမြန်ဆုံးပြုလုပ်ပေးအောင် တိုက်တွန်းပါ။
- စစ်အုပ်စုအပေါ် ဒဏ်ခတ်အရေးယူမှုများပြုလုပ်ရာတွင် နိုင်ငံများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းအောင်ဆောင်ရွက်ပါ။ ထိုသို့ဆောင်ရွက်ရန် နိုင်ငံပေါင်းစုံအထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်သည်။

ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

## ၃။ ဒီမိုကရေစီအင်အားစုများကိုထောက်ပံ့ကူညီခြင်း

ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများနှင့် အာဆီယံတို့အနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) NUG ကိုမြန်မာနိုင်ငံ၏ တရားဝင်အာဏာပိုင်အဖွဲ့အစည်းအဖြစ်လည်းကောင်း၊ တရားဝင်ရွေးကောက်တင် မြှောက်ခြင်းခံထားသောအစိုးရ၏ ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း အသိအမှတ်ပြုပါ။

(ခ) NUG နှင့်တကွ စစ်အုပ်စုကိုဆန့်ကျင်နေသည့် (KNU သို့မဟုတ် KIO ကဲ့သို့) EAO များကိုလိုအပ်သော ရန်ပုံငွေများ ထောက်ပံ့ပါ။

(ဂ) NUG နှင့် EAO ကိုယ်စားလှယ်များအပြင် အခြားဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများ မြန်မာ့အရေးအတွက် လိုအပ်သော စည်းရုံးလှုံ့ဆော်မှုများဆောင်ရွက်ရန် ခရီးသွားလာနိုင်အောင် လိုအပ်ပါက ၎င်းတို့အတွက် ဗီဇာများနှင့် အထူးနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်းဖြင့် လွတ်လပ်စွာသွားလာခွင့်ရှိအောင် ဆောင်ရွက်ပေးပါ။

(ဃ) NUG ကိုသက်ဆိုင်ရာ နိုင်ငံများအတွက်သာမက ဥရောပသမဂ္ဂနှင့်အာဆီယံကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများ အတွက်ပါ ကိုယ်စားလှယ်အဖွဲ့များထားရှိခွင့်ပြုပြီး EAO ခေါင်းဆောင်များနှင့် ပြည်ပနိုင်ငံများအကြား ဆက်ဆံမှုပြုလုပ်ရာတွင်လည်း ထိုကိုယ်စားလှယ်အဖွဲ့များကို တရားဝင်ကြားခံလမ်းကြောင်း တစ်ခုအဖြစ် အသုံးပြုစေခြင်းဖြင့် နှစ်လမ်းသွားသံတမန်ဆက်ဆံရေး ထူထောင်ပါ။

(င) မြန်မာနိုင်ငံ ဖက်ဒရယ်ဒီမိုကရေစီအတွက် အနာဂတ်အစီအစဉ်များချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်နိုင် အောင် NUG နှင့် EAO ကြား ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခြင်းကို အားပေးတိုက်တွန်းခြင်း၊ အထောက်အကူပြု စီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက ပြည်ပနိုင်ငံများတွင် အစည်းအဝေးများနှင့်ဆွေးနွေးပွဲများ ကျင်းပနိုင် အောင် အစည်းအဝေးနေရာပံ့ပိုးခြင်း ပြုလုပ်ပေးပါ။ ရိုဟင်ဂျာပြည်သူများကို နိုင်ငံသားဖြစ်ခွင့် ချွင်းချက်မရှိ ပြန်လည်ပေးအပ်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောနှစ်များအတွင်း ခိုလှုံနေသောဒုက္ခသည်များကို ပြန်လည်လက်ခံရန် NUG ကို ပြင်းပြင်းထန်ထန် အားပေးတိုက်တွန်းပါ။

(စ) CDM လှုပ်ရှားမှုတွင်ပါဝင်သော လူငယ်တက်ကြွလှုပ်ရှားသူများကို ဒေသတွင်းနိုင်ငံများတွင်ဖြစ်စေ၊ အွန်လိုင်း သင်ကြားရေး အစီအစဉ်များမှတစ်ဆင့်ဖြစ်စေ ကျောင်းတက်ရောက်ရန် တက္ကသိုလ်ပညာသင်ဆုများ ပေးအပ်ခြင်းဖြင့် ပံ့ပိုးကူညီပါ။

(ဆ) NUG အပါအဝင် ဒီမိုကရေစီအင်အားစုများကို အုပ်ချုပ်ရေး၊ နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဖက်ဒရယ်စနစ် စသည်တို့နှင့်ပတ်သက်သည့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ ပံ့ပိုးပေးပါ။

## ၄။ အာဆီယံသို့အကြံပြုချက်များ

အာဆီယံနှင့်တကွ အဖွဲ့ဝင်နိုင်ငံများသည် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) ငါးချက်ပါဘုံသဘောတူညီမှုသည် ရှုံးနိမ့်ခဲ့ကြောင်းနှင့် မင်းအောင်လှိုင်၏စစ်အုပ်စုသည် ယုံကြည်နိုင်သော မိတ်ဖက်မဟုတ်ကြောင်း အသိအမှတ်ပြုပါ။ အာဆီယံအနေဖြင့် လက်ရှိငါးချက်ပါဘုံသဘောတူညီမှုကို စွန့်လွှတ် သင့်ပြီပြီး

- မြန်မာနိုင်ငံအကျပ်အတည်း နှင့်ပတ်သက်ပြီး သဘောတူညီမှုအသစ် ချမှတ်နိုင်အောင် NUG နှင့် EAO ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးပါ။
- ထိုရရှိလာသော သဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် လိုအပ်သောယန္တရားများ တည်ဆောက်၍ ပံ့ပိုးဆောင်ရွက်ပါ။

(ခ) အာဆီယံဒေသတွင်း လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ညှိနှိုင်းဆောင် ရွက်ရေးစင်တာ (AHA စင်တာ) ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြန်လည်သုံးသပ်ကာ ပဋိပက္ခအခြေအနေများ အတွက်ပါ ထိရောက်မှုရှိလာအောင် ဆောင်ရွက်ပါ။ ထို့ပြင်

- ၎င်း၏ရန်ပုံငွေနှင့် ထောက်ပံ့ပို့ဆောင်ရေး စွမ်းရည်ပိုမိုအားကောင်းလာအောင် ပံ့ပိုးဆောင်ရွက်ပါ။
- အကဲဖြတ်ဆွေးနွေးသုံးသပ်မှုများတွင် ဒီမိုကရေစီအင်အားစုများကိုပါဝင်ခွင့်ပြု၍ လူသားချင်းစာနာမှု အကူအညီများ ပေးပို့ရာတွင် ၎င်းတို့နှင့်လက်တွဲဆောင်ရွက်ပါ။

(ဂ) မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ခန့်အပ်သည့်လုပ်ငန်းစဉ်နှင့် ၎င်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ပြုပြင်ပြောင်းလဲပါ။

- အထူးကိုယ်စားလှယ်နေရာကို အချိန်ပြည့်ရာထူးတစ်ခုအဖြစ် သတ်မှတ်ထားရှိပါ။
- အထူးကိုယ်စားလှယ်ကို အလှည့်ကျအာဆီယံဥက္ကဋ္ဌအား ခန့်အပ်စေခြင်းထက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးက တာဝန်ယူခန့်အပ်ပါ။ အထူးကိုယ်စားလှယ်သည် အာဆီယံဥက္ကဋ္ဌကိုသာ တာဝန်ခံခြင်း မဟုတ်ပဲ အာဆီယံအစုအဖွဲ့တစ်ခုလုံးကို တာဝန်ခံသင့်သည်။

(ဃ) စစ်အာဏာသိမ်းမှုမတိုင်ခင်ကတည်းက ထွက်ပြေးတိမ်းရှောင်လာခဲ့သော ရိုဟင်ဂျာများနှင့် အခြားလူမျိုးစု အုပ်စုများအပါအဝင် မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသူများအားလုံးကို ခိုလှုံခွင့်ပေးကာ ဥပဒေအရတရားဝင် ကာကွယ်စောက်ရှောက်မှုပေးပါ။